# Network for Democracy and Development

## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election
# (068/2011)
# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ
# (၀၆၈/၂၀၁၁)

၂၀၁၁ ခုနှစ်၊ မေလ (၀၈) ရက်နေ့မှ ၂၀၁၁ ခုနှစ် မေလ (၁၄) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- ယခင်စစ်အစိုးရလက်ထက်တွင် တည်ရှိခဲ့သော ကုန်စျေးနှုန်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသည် ယခုပြည်ထောင်စု သမ္မတအစိုးရလက်ထက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပါဝင်ခြင်းမရှိသဖြင့် အလိုအလျောက် ပျက်ပြယ်သွားပြီဖြစ်သော်လည်း လိုအပ်ချက်များအရ အဆိုပါကော်မတီအား ပြန်လည်၍ ယာယီဖွဲ့စည်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။ (Popular News 090511) Read More...
- ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းတို့သည် ရန်ကုန်တိုင်းအခြေစိုက် ပြည်တွင်းဂျာနယ် သတင်းသမားများအား မေ ၁၀ ရက်နေ့တွင် ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး နိုင်ငံရေးမပါသော လူမှုရေးနှင့်စီးပွားရေးအခြေအနေများကို အပတ်စဉ် အင်္ဂါနေ့ ညနေတိုင်း သတင်းစာရှင်းလင်းပွဲလုပ်သွားမည်အကြောင်းကို ရှင်းပြပြောဆိုလိုက်သည်။ (VOA 100511) Read More...
- ရန်ကုန်မြို့တော် ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်သိန်းလင်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ မြို့တော်ဝန်တာဝန် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပိုင် ငွေကြေးများအား ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခဲ့ပြီး အလွဲသုံးစားလုပ်ထားသော ငွေကြေးပမာဏမှာ အနည်းဆုံး ကျပ်သန်းပေါင်း ၂ ထောင်ကျော် (အမေရိကန်ဒေါ်လာ ၂ သန်းဝန်းကျင်) ရှိသောကြောင့် ဧပြီလနှောင်းပိုင်းတွင် ရန်ကုန်မြို့တော်ဝန်သစ် ဦးလှမြင့်မှ ခေါ်ယူသော်လည်း လာရောက်ဖြေရှင်းမှုမရှိဟု ရန်ကုန် စည်ပင်သာယာရေး ဝန်ထမ်းအချို့က ပြောသည်။ (Irrawaddy 090511) Read More...
- မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ စျေးကွက်မြှင့်တင်ရေး ကော်မတီစသည့် ပုဂ္ဂလိကအသင်း ၃ သင်းကို ၁၀ သင်းအထိ တိုးချဲ့ပြီး မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (Myanmar Tourism Board) ကို အောက်တွင်ထားရှိမည်ဟု ဦးဆောင်ဖွဲ့စည်းလိုက်သည့် အမျိုးသားလွှတ်တော်အမတ် ဖေကျွှမ်ကာကုမ္ပဏီပိုင်ရှင် ဦးခင်ရွှေက ပြောသည်။ (Mizzima 100511) Read More...
- ပြည်လမ်းပေါ်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံတွင် မေ ၉ ရက်နေ့က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မီဒီယာများ ပထမဆုံးအကြိမ် တွေ့ဆုံပွဲကို နိုင်ငံတော်နှင့်အစိုးရကို မထိခိုက်လျှင် လွတ်လပ်စွာရေးသားနိုင်ပြီး သတင်းစိစစ်ရေးက အဆုံးအဖြတ် ပေးလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီး ဦးဉာဏ်ထွန်းဦးက ပြောသည်။ (Irrawaddy 110511) Read More...

## တပ်မတော်လုပ်ဆောင်ချက်များ

- လွန်ခဲ့သည့် သီတင်းပါတ်အတွင်း တပ်မတော်အတွင်းတွင် တပ်မမှူး၊ စကခမှူး ၁၀ ဦးထက်မနည်း ပုံမှန်မဟုတ်သည့် အပြောင်းအလဲများအဖြစ် ပြုလုပ်နေကြချိန်ထက် စောခြင်းနှင့် မကြာသေးခင်မှ အပြောင်းအလဲလုပ်ထားသူများပါ ပါဝင်နေသည်ဟု တရုတ်-မြန်မာ နယ်စပ်အခြေစိုက် စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောသည်။ (DVB 090511) Read More..., Irrawaddy…
- သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့ အနောက်တောင်ဘက်ရှိ ကျေးရွာအုပ်စုအချို့ လမ်းသွားလမ်းလာသူအပါအဝင် ဘုန်းတော်ကြီးများကို မြန်မာစစ်တပ်များက ခေါ်ယူစစ်ဆေးမေးမြန်းပြီး အခန့်မသင့် ဖမ်းဆီးရိုက်နှိပ်ခံရသည်ဟု တန့်ယန်းဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 100511) Read More…
- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အရှေ့ဘက် ငလပွေ့ချောင်း တဘက်ကမ်းရှိ စိုင်ခုံတင် ကျေးရွာအနီးရှိ ပြည်သူပိုင် မြေလွတ်များကို ဒေသအခြေစိုက် ခလရ (၃၄) မှ တစ်နှစ်လျှင် ကျပ် ၁၆ သိန်း ရယူပြီး ဒေသခံငါးခြောက်လုပ် ငန်းရှင်တစ်ဦးကို ငါးလုပ်နန်းခွင့် ပေးထားခြင်းဖြစ်သည်ဟု စိုင်ခုံတင်ရွာသားတစ်ဦးက ပြောသည်။ (Narinjara 110511) Read More…
- မြန်မာနိုင်ငံ အနောက်ဘက် နယ်စပ် လုံခြုံရေးကို တာဝန်ယူထားသော နစက တပ်ဖွဲ့ကို ဌာနဆိုင်ရာ အဖွဲ့ (၄) ခုဖြင့် ဖွဲ့စည်းထားရာ အဆိုပါအဖွဲ့များမှာ အမှတ် (၁) အဖွဲ့- စစ်တပ်၊ အမှတ် (၂) အဖွဲ့- ရဲ၊ အမှတ် (၃) အဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် အမှတ် (၄) အဖွဲ့- အကောက်ခွန်ဖြစ်ပြီး တပ်ဖွဲ့အတွင်း တပ်သားများအပြောင်းအလဲလုပ်သည်ကို မကျေနပ်သောတပ်ဖွဲ့ဝင်များသည် မိခင်တပ်ရင်းသို့ မပြန်ဘဲထွက်ပြေးသွားကြသည်ဟု နစကနှင့် နီးစပ်သူ တစ်ဦးက ပြောသည်။ (Narinjara 100511) Read More…

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- အစိုးရသစ် ပေါ်ပေါက်ပြီးနောက်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိမ့်မည်ဟု မွန်နိုင်ငံရေး အကျဉ်းသား နိုင်ယကွှက မျှော်လင့်ကြောင်း ပြောဆိုခဲ့သည်ဟု ဇနီးဖြစ်သူ မိချစ်ခင်အား ပြောသည်။ (IMNA 090511) Read More…
- နိုင်ငံရေးအကျဉ်သား လွတ်မြောက်ရေးအတွက် ရခိုင်ပြည်နယ်မှ မြို့နယ်ခုနစ်မြို့နယ်တွင် လက်မှတ်ရေထိုးမှုကို စတင်ဆောင်ရွက်နေရာ ယခုအခါ လက်မှတ်ပေါင်း ၅၀၀၀ ကျော်ရရှိပြီဖြစ်ကြောင်း ရခိုင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ကိုသိန်းလှိုင်က ပြောသည်။ (Narinjara 090511) Read More…

### (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဝေါ်လေဒေသ ဖောမူ့ဘောထော့ရွာ ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်ရင်း ၂၀၁ နှင့် ကနဲလေးရွာ အခြေစိုက် မြန်မာအစိုးရ ခြေမြန် တပ်ရင်း (ခမရ - ၃၇၂) တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ KNLA ဘက်မှ ၂ ဦး ဒဏ်ရာရပြီး မြန်မာစစ်တပ်ဘက်မှ တပ်ဖွဲ့ဝင် ၆ ဦး သေဆုံးကာ ၇ ဦး ဒဏ်ရာ ရရှိခဲ့သည်ဟု KNLA တပ်ရင်း ၂၀၁ မှ ဗိုလ်ခုဂါးက ပြောသည်။ (Irrawaddy 090511) Read More… KIC
- ကရင်ပြည်နယ် ကော့ကရိတ်မြို့အနောက်ဘက်နားရှိ စကခ (၁၂) လက်အောက်ခံ ခြေလျင်တပ်ရင်း (ခလရ ၂၃၀) တပ်ရင်း ၉၇ အပါအဝင် မြန်မာအစိုးရ တပ်စခန်းနှင့် လုံခြုံရေးဂိတ် ၈ ခုကို (DKBA) တပ်မဟာ ၅ မှ ဗိုလ်မှူးကြီး ကျော်သက် ဦးစီးသည့် အဖွဲ့နှင့် (KNLA) တပ်မဟာ ၆ တပ်ရင်း ၁၈ မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ကလို့ထူး ဦးစီးသော ပူးပေါင်းတပ်ဖွဲ့တို့က မေ ၁၁ ရက်နေ့ နံနက်က ဝင်ရောက်တိုက်ခိုက်ရာ နအဖဘက်မှ ဒုဗိုလ်တစ်ဦး ကျဆုံးသည်ဟု ကော့ကရိတ်မြို့ခံတစ်ဦးက ပြောသည်။ (Irrawaddy 110511) Read More… KIC
- သျှမ်းပြည်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ဖယ်ခုံအခြေစိုက် စကခ ၇ လက်အောက်ခံ ခမရ ၄၂၂ တပ်ရင်းက တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီး သန်းထိုက်ဝေ ဦးဆောင်သောအဖွဲ့ စီးလာသော ထော်လာဂျီအား သျှမ်းပြည်တပ်မတော် RCSS/SSA က မေ ၉ ရက်နေ့ ညနေ ၃ နာရီက ချုံခိုတိုက်ခိုက်ခဲ့ရာ ဗိုလ်မှူးကြီးသန်းထိုက်ဝေနှင့် ထော်လာဂျီမောင်းသမား အပါအဝင် ၁၁ ဦးကျဆုံး၊ ၁၅ ယောက်ဒဏ်ရာရပြီး သေနတ် ၁၅ လက်သိမ်းဆည်းရမိသည်ဟု သျှမ်းပြည်တပ်မတော် တောင်ပိုင်းမှ အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 110511) Read More…

## (ဂ) ပြည်ပအင်အားစုများ

- ကလေးများ၏ ပညာရေးသည် တိုင်းပြည်၏ အနာဂါတ်ဖြစ်သည့်အတွက် ကလေးများတွင် နိုင်ငံရေးအသိစိတ်နှင့် နိုင်ငံရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ်များ ရှိရန်လိုအပ်သည်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ၏ သားသမီးများပညာသင်ကြားရေးတွင် ချို့ယွင်းအားနည်းမှုမရှိစေရန် ရည်ရွယ်ချက်ဖြင့် မေ ၁ဂ နေ့၌ ပြုလုပ်သောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ၁ဂ နှစ်မြောက် ပညာရေးထောက်ပံ့စရိတ် ပေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (VOA/DVB 100511) Read More…

## နိုင်ငံရေးအဖွဲ့အစည်းများ

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- အစိုးရသစ်ဖွဲ့စည်းပြီးနောက် ရွေးချယ်ခံလွှတ်တော်အမတ်လွတ်နေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပမည်ဆိုပါက တစ်နိုင်ငံလုံးအတွက် "သိပ်မရှိပါဘူး။ အားလုံးပေါင်း ၄၀ ကျော်ပဲရှိပါတယ်။ နောက်ရွေးကောက်ပွဲက သိပ်မရှိပါဘူး" ဟု ကြံ့ဖွံ့ပါတီ USDP အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြီးခဲ့သည့် ဧပြီ ၃၀ ရက်တွင် ပြောဆိုလိုက်သည်။ (Popular News 090511) Read More…
- အာဏာရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ဗဟိုလနောင်းပိုင်း အစည်းအဝေးက ယာယီ ဥက္ကဋ္ဌ ဗိုလ်ချုပ် ကြီးဟောင်း သူရ ဦးရွှေမန်းသည် ယာယီဥက္ကဋ္ဌ၊ ဦးဌေးဦးကို အထွေထွေ အတွင်းရေးမှူး၊ ဦးအောင်သောင်းကို အတွင်းရေးမှူး ၁၊ ဦးသိန်းဇော်ကို အထွေထွေ အတွင်းရေးမှူး ၂ နှင့် ဦးမောင်ဦးတို့သည် မေလ ၂ ရက်နေ့မှစ၍ တာဝန် ထမ်းဆောင်နေပြီဟု USDP ပါတီ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ (Mizzima 090511) Read More…
- အစိုးရသစ် တက်ပြီးနောက် အောက်ခြေအဆင့် ရပ်ကွက် ဥက္ကဋ္ဌ ရာထူးအတွက် ကျပ် ၁၅ သိန်းနှင့် သိန်း ၂ဂ အထိ ပေါက်ဈေးရှိပြီး ရပ်ကွက်သူ ရပ်ကွက်သားတွေက သူတို့ လေးစားကြည်ညိုတဲ့ သူတွေ ဥက္ကဋ္ဌ မဖြစ်ဘဲ ငွေပေးနိုင်တဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ (USDP) ဝင် စီးပွားရေးသမားများသာ နေရာယူထားကြသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လူငယ်ခေါင်းဆောင်တဦး ဖြစ်သူ ကိုရာဇာက ပြောသည်။ (Irrawaddy 100511) Read More…

## အခြားပါတီများ

- အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ NDF မှ လွှတ်တော်အမတ် ဦးသိန်းညွန့်ကို ထုတ်ပယ်ခဲ့သည့် အထောက်အထားများအား ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင်ရုံးထံ မေ ၉ ရက်နေ့တွင် အပြီးတင်သွင်းခဲ့ကြောင်း NDF ပါတီ ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ (Mizzima 090511) Read More…
- ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီက ပါတီစီးပွားရေးအနေဖြင့် မလေးရှားနိုင်ငံမှ မှာယူထားသည့် ဓာတ်မြေဩဇာ မျိုးစုံ၊ ဆိုင်ကယ်ကျွတ်နှင့် တာယာ၊ လူသုံးကုန်ဆပ်ပြာမျိုးစုံတို့ကို ယခုလကုန်တွင် ရောက်ရှိမည်ဟု ပါတီဘဏ္ဍာရေးမှူး စိုင်းသန်းမြင့်က ပြောသည်။ (Mizzima 090511) Read More…
- ပြည်နယ်အသီးသီး သက်ဆိုင်ရာ အစိုးရ စာသင်ကျောင်းများ၌ မိခင်ဘာသာစာပေ ပညာသင်ကြားခွင့်ရရှိရန် မြန်မာနိုင်ငံအစိုးရသစ်ထံ တိုင်းရင်းသားပါတီများ ပူးပေါင်းတောင်းဆိုသွားမည်ဟု မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (IMNA 090511) Read More…
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီဝင်များ နိုင်ငံရေးအသိအမြင် တိုးမြှင့်စေရန်နှင့် ပါတီဝင်များမှတဆင့် ပြည်သူများနိုင်ငံရေးအသိပညာများ ဖြန့်ဝေသွားရန် ရည်ရွယ်၍ နယ်အရပ်ရပ်မှ ပါတီဝင် ၅ဂ ခန့်နှင့် မြန်မာတိုမ်းမ်သတင်းဌာနမှ ၃ ဦးခန့်တို့သည် လာမည့် မေ ၂ဂ ရက်နေ့တွင် ပါတီရုံးချုပ်တွင် ၅ ရက်ကြာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတခု ပြုလုပ်သွားမည်ဟု ပါတီဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (DVB 100511) Read More…
- တတိယအကြိမ် ဗဟိုကော်မတီ အစည်းအဝေးကို နိုင်ငံတဝှမ်းမှ ကော်မတီဝင် ၁၄၀ ကျော်ဖြင့် မလ ၉ ရက်နေ့မှ ၁၀ ရက်နေ့ထိ ကျင်းပခဲ့ကာ ဒီမိုကရေစီလမ်းကြောင်း ကွဲလွဲနေသည့် ၂၀၀၈ အခြေခံဥပဒေအချို့ကို လွှတ်တော်မှတဆင့် ပြုပြင်ပြောင်းလဲသွားရန် စီစဉ်နေသည်ဟု တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဟန်ရွှေက ပြောသည်။ (Mizzima 100511) Read More…

- ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံက အာဆီယံ ဥက္ကဌ ရာထူးကို ရယူလိုပါက နည်းစနစ်ကျသည့် ဒီမိုကရေစီနိုင်ငံအဖြစ် အရင်ဦးဆုံး အကောင်ထည်ဖော် လုပ်ဆောင်ရန် လိုအပ်ကြောင်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသည့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ ဒု – ဥက္ကဌ နိုင်ငွေသိမ်းက ပြောသည်။ (IMNA 110511) Read More…

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- စစ်တွေမြို့ လျှပ်စစ်မီး ရရှိရေးကို ဓါတ်ငွေ့ အပါအဝင် ဒီဇယ်စက်များကို အသုံးမပြုဘဲ ဖွဲ့ခွဲသုံးဓါတ်ငွေ့ဖြင့် လျှပ်စစ်မီးပေးဝေလာမည် ဆိုပါက မြို့လူထုအနေဖြင့် ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်သွားမည်ဖြစ်ကြောင်း စစ်တွေမြို့ခံ လူကြီးတစ်ဦးက ပြောသည်။ (Narinjara 090511) Read More…

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေး နမ်ဘီးယား မြန်မာပြည်လာချိန်၌ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးအတွက် အဓိကထား ဆွေးနွေးသွားမည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) ဘဏ္ဍာရေးမှူးတဖြစ်လဲ သံတမန်ဆက်သွယ်ရေး တာဝန်ခံ စောသန်းမြင့်က မေ ၁၀ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (Mizzima 100511) Read More…
- ဥရောပသမဂ္ဂ EU အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မြန်မာအစိုးရအဖွဲ့ဝင်အချို့ကို ဗီဇာပြန်လည်ခွင့်ပြုခြင်းအပါအဝင် အခြားလျှော့ သင့်သည်များကို လျှော့ပေါ့ပေးခဲ့သကဲ့သို့ မြန်မာအစိုးရဘက်မှ ပြုပြင်ပြောင်းလဲမှုများ လုပ်ပြရန်လိုအပ်သည်ဟု EU အဆင့်မြင့် ကိုယ်စား လှယ်တစ်ဦးက အာဆီယံ - ဥရောပသမဂ္ဂ EU အစည်းအဝေးတွင် ပြောဆိုခဲ့ကြောင်း ရန်ကုန်မီဒီယာဂရုပ်ဖ် အမှုဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုက ပြောသည်။ (DVB 100511) Read More…
- မြန်မာနိုင်ငံရှိ လူဦးရေ သန်း ၅၀ ကျော်အနက် တစ်နေ့လျှင် အမေရိကန် တစ်ဒေါ်လာအောက် ဝင်ငွေရရှိသည့် ပမာဏသည် ၂၆ ဒသမ ၅ ရာခိုင်နှုန်းသာရှိနေကြောင်းနှင့် UN ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် poverty line တွင် တစ်ရက်ဝင်ငွေကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဒေါ်လာ သတ်မှတ်ထားသည်ဟု UNESCAP အစီရင်ခံစာတွင် ဖော်ပြထားသည်။ (EMG 110511) Read More…

### (ခ) အစိုးရများ

- ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားနေသော အတိုက်အခံ အဖွဲ့အစည်းများကို မြန်မာအစိုးရ၏ ဖိအားပေးမှု ကြောင့် ထိုင်းအာဏာပိုင်များက မကြာသေးခင် ရက်ပိုင်းမှစတင်၍ ကန့်သတ်တင်းကျပ်မှုများ ပြုလုပ်နေပြီး အတိုက်အခံများ ပြုလုပ် သည့်အစည်းအဝေး သတင်းအချက်အလက်များအားလုံး မြန်မာအစိုးရလက်ထဲတွင်ရှိကြောင်း ထိုင်း ထောက်လှမ်းရေး သတင်းရပ်ကွက် က ပြော သည်။ (Irrawaddy 090511) Read More…
- မြန်မာနှင့် ထိုင်းနိုင်ငံဆိုင်ရာ ဩစကြီးယားသံအမတ်ကြီးနှင့် စစ်လက်နက်ပစ္စည်းဆိုင်ရာ ကုမ္ပဏီ ကိုယ်စားလှယ်များ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရှာဖွေရန် ရန်ကုန်သို့လာရောက်ခဲ့သည့်အပေါ် အလွန်အမင်းစိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင် ဦးဝင်းတင်က ပြောသည်။ (Mizzima 090511) Read More…
- ရန်ကုန်မြို့ရှိ အမေရိကန် သံရုံးတာဝန်ခံ မစ္စတာ လယ်ရီ ဒင်းဂါးသည် မြန်မာပြည်အလယ်ပိုင်းသို့ ခရီးထွက်ပြီး အစိုးရကိုယ်စားလှယ်၊ လူမှုအခြေပြု အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံနေသည်ဟု ရန်ကုန်မြို့ရှိ အနောက်တိုင်း သံတမန် တစ်ဦးက ပြောသည်။ (Irrawaddy 100511) Read More…

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- အိန္ဒိယနိုင်ငံ နယူးဒေလီတွင် နေထိုင်သော အဲန်စီဂျီယူဘီ ပြန်ကြားရေးဝန်ကြီး ဒေါက်တာတင့်ဆွေ Burma Center Delhi နှင့်အတူ မီဇိုရမ်ပြည်နယ်ရှိ NGO အသီးသီးနှင့် မြန်မာ့အရေးဆွေးနွေးရန် အိုင်ဇောလ်မြို့သို့ မေလ ၅ ရက်နေ့က ရောက်ရှိလာပြီး မြန်မာပြည်

များအား အခမဲ့ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ခဲ့သည်ဟု ယက္ကန်းသည် အမျိုးသမီးတစ်ဦးက ပြောသည်။ (Khonumthung 090511) Read More...

- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျေးရွာများဖြစ်သော ကျောက်ဖြူမြို့နယ် မစရိုင်းကျွန်းရှိ မောက်တင်ကြီး၊ ကညင်တော၊ လုံပျောက်၊ အောင်သာယာ၊ ငါးဖျဉ်းဖတ်၊ တွင်းခေါင်း ကျေးရွာများနှင့် တခြားလေးချောင်းကျွန်းမှ ကျေးရွာများသည် NGO ဆန်ပေးဝေမှုကို ရပ်တန့်လိုက်သဖြင့် ယခုအခါ ဆန်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေကြရသည်ဟု မောက်တင်ကြီး ကျေးရွာသားတစ်ဦးက ပြောသည်။ (Narinjara 100511) Read More...

***End of report/ Saturday, May 14, 2011***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***

Filename: Weekly Political Events Regarding the Post Election (068-2011)
Directory: C:\Users\Nay Hsel\Documents
Template: C:\Users\Nay Hsel\AppData\Roaming\Microsoft\Templates\Normal.dotm
Title: SPDC
Subject:
Author: owner
Keywords:
Comments:
Creation Date: 5/15/2011 10:30:00 AM
Change Number: 26
Last Saved On: 5/15/2011 12:56:00 PM
Last Saved By: Nay Hsel
Total Editing Time: 85 Minutes
Last Printed On: 5/15/2011 12:56:00 PM
As of Last Complete Printing
Number of Pages: 5
Number of Words: 1,051
Number of Characters: 11,639